မြန်မာနိုင်ငံသားများဘဏ်

MCB

Myanmar Citizens Bank

# ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသော
# (၆) လတာကာလအတွက် ဘဏ္ဍာရေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၏
# ရလဒ်များအပေါ် စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ

**စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ (MD & A)**

စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ (MD&A) သည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသော (၆) လတာကာလအတွက် မြန်မာနိုင်ငံသားများဘဏ်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ဘဏ္ဍာရေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ခြုံငုံသုံးသပ်ချက်ဖြစ်ပါသည်။ အောက်ဖော်ပြပါ အချက်အလက်များအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ကြားဖြတ်အကျဉ်းချုံးဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ ဆက်စပ်ဖတ်ရှုရမည်ဖြစ်ပြီး ယခင်နှစ်၏ အလားတူကာလနှင့် နှိုင်းယှဉ်ဖော်ပြထားသော အချက်အလက်များလည်း ပါဝင်ပါသည်။ ဤ MD & A တွင် ဖော်ပြထားသော ကိန်းဂဏန်းအချက်အလက်များအားလုံးအား မြန်မာကျပ်ငွေ (MMK) ဖြင့် ဖော်ပြထားပါသည်။ ဤဘဏ္ဍာရေးရှင်းတမ်းများအား မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံစာရေးနည်းစံချိန်စံညွှန်း များ (MFRS) နှင့်အညီ ပြင်ဆင်ထားပါသည်။

**ဘဏ်၏အချက်အလက်များ**

မြန်မာနိုင်ငံသားများဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (MCB) သည် ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ရက်စွဲပါ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အကြောင်းကြားစာ အမှတ် - ၂၁/၉၁ ၊ အထူးကုမ္ပဏီအက်ဥပဒေ (၁၉၅၀) နှင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ တို့နှင့်အညီ ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင် မှတ်ပုံတင်ထားပြီး အစုရှယ်ယာများနှင့် အများပိုင်ကုမ္ပဏီလီမိတက် တစ်ခုအနေဖြင့် ဖွဲ့စည်းတည်ထောင်ထားပါသည်။ MCB ဘဏ်သည် ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၄၉၁၆၉၄၆၆) ဖြင့်မှတ်ပုံတင်ထားသော နိုင်ငံတော်၏လိုင်စင်ရကူးသန်းရောင်းဝယ်ရေးဘဏ်တစ်ခုဖြစ်ပြီး ၂၀၁၆ ခုနှစ် ဩဂုတ်လ (၂၆) ရက်နေ့၌ ရန်ကုန် စတော့အိပ်ချိန်း (YSX) တွင် စာရင်းဝင်ခဲ့ပါသည်။ ဘဏ်၏ရှယ်ယာရှင်များမှ ထည့်ဝင်ထားသည့် မတည်ရင်းနှီးငွေမှာ ၅၂ ဘီလီယံကျပ် ဖြစ်ပါသည်။ မြန်မာနိုင်ငံသားများဘဏ်အများနှင့် သက်ဆိုင်သောကု မ္ပဏီလီမိတက် (MCB) ဘဏ်၏ ရုံးချုပ်သည် အမှတ် - ၃၈၃၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ၊ မြန်မာနိုင်ငံတွင်တည်ရှိပါသည်။

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်
## အရှုံးအမြတ်စာရင်းအချုပ်

ကျပ်သန်းပေါင်း

| အသေးစိတ်ဖော်ပြချက်များ | အချိန်ကာလ | | အတက်/(အကျ) | |
|---|---|---|---|---|
| | ၃၀.၉.၂၀၂၄ (စာရင်းစစ်ပြီး) | ၃၀.၉.၂၀၂၃ (စာရင်းစစ်ပြီး) | ပမာဏ | % |
| Interest Income | ၃၈,၅၅၉.၂၇ | ၂၄,၁၈၃.၄၁ | ၁၄,၃၇၅.၈၆ | ၅၉% |
| Interest Expense | (၂၇,၅၇၀.၀၆) | (၁၈,၁၈၁.၁၄) | (၉,၃၈၈.၉၂) | ၅၂% |
| **Net Interest Income** | ၁၀,၉၈၉.၂၁ | ၆,၀၀၂.၂၇ | ၄,၉၈၆.၉၄ | ၈၃% |
| Other Operating Income | ၄,၄၆၂.၇၈ | ၄,၃၃၁.၈၆ | ၁၃၀.၉၂ | ၃% |
| **Total Operating Income** | ၁၅,၄၅၁.၉၉ | ၁၀,၃၃၄.၁၃ | ၅,၁၁၇.၈၆ | ၅၀% |
| **Total Operating Expense** | (၁၃,၄၈၉.၂၉) | (၁၁,၀၀၉.၉၁) | (၂,၄၇၉.၃၈) | ၂၃% |
| **Profit before Income Tax** | ၁,၉၆၂.၇၀ | (၆၇၅.၇၈) | ၂,၆၃၈.၄၈ | ၃၉၀% |
| **Profit after Income Tax** | ၁,၅၀၄.၂၈ | (၆၈၁.၂၄) | ၂,၁၈၅.၅၂ | ၃၂၁% |

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်
## လက်ကျန်ရှင်းတမ်းဖော်ပြချက်အချုပ်

ကျပ်သန်းပေါင်း

| အသေးစိတ်ဖော်ပြချက်များ | အချိန်ကာလ | | အတက်/(အကျ) | |
|---|---|---|---|---|
| | ၃၀.၉.၂၀၂၄ (စာရင်းစစ်ပြီး) | ၃၀.၉.၂၀၂၃ (စာရင်းစစ်ပြီး) | ပမာဏ | % |
| Assets | | | | |
| Cash in Hand & at Bank | ၂၀၄,၄၅၅.၅၇ | ၁၅၇,၇၁၈.၂၆ | ၄၆,၇၃၇.၃၀ | ၃၀% |
| Loans & Advances | ၆၄၁,၉၂၂.၀၂ | ၄၂၅,၆၅၅.၄၁ | ၂၁၆,၂၆၆.၆၁ | ၅၁% |
| Investment | ၁၀၃,၅၈၀.၆၆ | ၁၄၄,၄၅၈.၈၇ | (၄၀,၈၇၈.၂၁) | -၂၈% |
| Property & Equipment | ၁၉,၈၃၄.၀၃ | ၁၇,၉၆၁.၂၄ | ၁,၈၇၂.၇၉ | ၁၀% |
| Intangible Assets | ၃,၂၉၆.၂၂ | ၃,၇၃၆.၃၃ | (၄၄၀.၁၀) | -၁၂% |
| Other Assets | ၅၄,၁၆၀.၃၂ | ၄၈,၁၂၆.၂၀ | ၆,၀၃၄.၁၂ | ၁၃% |
| Total Assets | ၁,၀၂၇,၂၄၈.၈၂ | ၇၉၇,၆၅၆.၃၁ | ၂၂၉,၅၉၂.၅၁ | ၂၉% |
| | | | | |

| | | | | |
|---|---|---|---|---|
| **Liabilities** | | | | |
| Deposit from Customer | ၈၅၂,၈၂၉.၆၅ | ၆၄၄,၅၁၁.၅၀ | ၂၀၈,၃၁၈.၁၅ | ၃၂% |
| Other Liabilities | ၅၉,၃၁၆.၄၈ | ၅၃,၂၂၆.၀၈ | ၆,၀၉၀.၄၀ | ၁၁% |
| Borrowings | ၄၀,၃၃၃.၈၆ | ၂၈,၀၉၃.၀၀ | ၁၂,၂၄၀.၈၆ | ၄၄% |
| **Total Liabilities** | **၉၅၂,၄၇၉.၉၉** | **၇၂၅,၈၃၀.၅၈** | **၂၂၆,၆၄၉.၄၁** | ၃၁% |
| **Equity** | | | | |
| Share Capital | ၅၇,၁၂၄.၆၆ | ၅၇,၁၂၄.၆၆ | - | ၀% |
| Reserves | ၁၅,၄၇၂.၂၇ | ၁၄,၉၀၆.၈၁ | ၅၆၅.၄၆ | ၄% |
| Retained earnings | ၂,၁၇၁.၉၀ | (၂၀၅.၇၄) | ၂,၃၇၇.၆၄ | ၁၁၅၆% |
| **Total Equity** | **၇၄,၇၆၈.၈၃** | **၇၁,၈၂၅.၇၃** | **၂,၉၄၃.၁၀** | ၄% |
| **Total Liabilities & Equity** | **၁,၀၂၇,၂၄၈.၈၂** | **၇၉၇,၆၅၆.၃၁** | **၂၂၉,၅၉၂.၅၁** | ၂၉% |

**လုပ်ငန်းအခြေအနေနှင့်တိုးတက်မှု**

ဤဘဏ္ဍာရေးနှစ်အတွင်း MCB ဘဏ်အနေဖြင့် မြန်မာနိုင်ငံတွင် Customer များ၏ ရွေးချယ်စရာဘဏ်တစ်ခု ဖြစ်လာစေရေးအတွက် အသွင်ကူးပြောင်းသည့် လုပ်ငန်းစဉ်များအား အားသွန်ခွန်စိုက်ဆောင်ရွက်လျက် ရှိပါသည်။ မဟာဗျူဟာနှင့်အညီ People Development ၊ Digital Transformation ၊ Branch Expansion ၊ Product Innovation နှင့် Financial Profitability အစရှိသော အဓိကဆောင်ရွက်ရမည့် အခန်းကဏ္ဍ (၅) ခုအား သတ်မှတ်ခဲ့ပါသည်။

လွန်ခဲ့သည့် (၆) လတာကာလအတွင်း ဖော်ပြပါကဏ္ဍများတွင် သိသာထင်ရှားသော တိုးတက်မှု ရလာဒ်ကောင်းများရရှိခဲ့ပါသည်။ Learning and Development Department (L&D) အနေဖြင့်လည်း ဝန်ထမ်းများ၏ စွမ်းရည်များ တိုးတက်လာစေရန်အတွက် Internal နှင့် External Training Session များကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အတူ ဘဏ်ခွဲအသစ်များလည်း ဖွင့်လှစ်နိုင်ခဲ့ပြီး new product အနေဖြင့် Visa Credit Card အား ယခုဘဏ္ဍာရေးနှစ်တွင် စတင်မိတ်ဆက်ဝန်ဆောင်မှုပေးအပ်နိုင်ရန်လည်း ဆောင်ရွက်လျက်ရှိပါသည်။

MCB အနေဖြင့် ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် လူ့စွမ်းအားအရင်းအမြစ် (Human Capital) ၊ အခြေခံ အဆောက်အဦ (Infrastructure) ၊ လုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းစဉ်များ (Process Workflows) များတွင် ရင်းနှီးမြှုပ်နှံရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဖြစ်ပေါ်လာနိုင်မည့် ဆုံးရှုံးနိုင်ခြေ အကဲဖြတ်မှုများကိုလည်း စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ မပျက်မကွက် လိုက်နာဆောင်ရွက်၍ အလေးထားစီမံဆောင်ရွက်လျက်ရှိပါသည်။

"Service Excellence" ဆောင်ပုဒ်နှင့်အညီ ဘဏ်အနေဖြင့် Performance-driven Culture တစ်ခုကိုလည်း တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။ MCB သည် မိမိဘဏ်၏လုပ်ငန်းဆိုင်ရာရည်မှန်းချက်များကို

ပြည့်မှီ၍ မဟာဗျူဟာမြောက် ပန်းတိုင်များကို ရောက်ရှိနိုင်စေရန်အတွက်လည်းကောင်း ၊ MCB ဘဏ်အမှတ်တံဆိပ်အား ပိုမိုလူသိများလာစေပြီး ဝန်ဆောင်မှုကောင်းမွန်သောဘဏ်အဖြစ် ဖြစ်လာစေရန် လည်းကောင်း အလေးထားဆောင်ရွက်နေပါသည်။

MCB သည် ခိုင်မာ၍ အရှိန်အဟုန်ကောင်းကောင်းဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းကြောင့် ချေးငွေများနှင့် ကြိုတင်ထုတ်ချေးငွေများ (Loans & Advances) မှာ ၅၁% အထိ တိုးတက်လာခဲ့ပြီး အပ်နှံငွေ (Deposit) တွင် ၃၂% အထိ တိုးလာခဲ့ပါသည်။ ဘဏ်အနေဖြင့် Asset Quality ကို ထိန်းသိမ်းခြင်း ၊ Non-Performing Loan (NPL) ratio များ တိုးတက်ကောင်းမွန်လာခြင်း ၊ စီးပွားရေးမိတ်ဖက်များနှင့်တွဲဖက်၍ လုပ်ငန်းတိုးချဲ့ခြင်း အပြင် Bancassurance ကဲ့သို့ အခြားသော ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပေးအပ်ခြင်းတို့ကိုလည်း အလေးထားဆောင်ရွက်ခဲ့ပါသည်။

Assets နှင့် Liabilities များကို ကောင်းမွန်စွာစီမံခန့်ခွဲ၍ စောင့်ကြည့်လေ့လာခြင်းဖြင့် Earning Asset Ratio များ တိုးတက်လာစေရန် ဘဏ်၏ Idle Funds များကို အကောင်းဆုံး အသုံးချ၍ အမြတ်အစွန်းများရရှိအောင် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ပြန်လည်စိစစ်သုံးသပ်သည့် (၆) လတာကာလအတွင်း Cost-to-Income Ratio ကို ကောင်းစွာစီမံခန့်ခွဲနိုင်ခြင်းကြောင့် အသားတင်အမြတ်ဝင်ငွေ ကျပ် ၁,၅၀၄ သန်း ရရှိခဲ့ပါသည်။

**အသားတင်အတိုးရငွေ** - Loan Portfolio တိုးတက်လာပြီး Non–Performing Loan များအား ပြန်လည် ကောက်ခံရရှိလာနိုင်ခြင်းကြောင့် အတိုးရငွေ (Interest Income) သည် ၅၉% အထိ တိုးတက်ရရှိခဲ့ပါသည်။ အဓိကအားဖြင့် အပ်နှံငွေ (Deposits) ပမာဏ ပိုမိုများပြားလာခြင်း၊ အတိုးနှုန်းမြင့်မားသော အပ်နှံငွေများ (Interest–bearing Deposits) (ဥပမာ – Term Deposits) များတိုးလာခြင်းနှင့် ဈေးကွက်အတွင်း အတိုးနှုန်းများ ယှဉ်ပြိုင်၍ ပေးအပ်ရခြင်းတို့ကြောင့် အတိုးပေးငွေ (Interest Expense) သည် ၅၂% အထိ မြင့်တက်ခဲ့ပါသည်။ အတိုးပေးငွေ မြင့်မားလာသော်လည်း အတိုးရငွေမှာ အတိုးပေးငွေထက် ပိုမိုရရှိခဲ့သောကြောင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက အသားတင်အတိုးရငွေ (Net Interest Income) မှာ ၈၃% အထိ သိသာစွာ တိုးတက်ရရှိခဲ့ပါသည်။

**အဖိုးအခ၊ ကော်မရှင်ခနှင့် အခြားဝင်ငွေများ** – နိုင်ငံခြားငွေလုပ်ငန်းဝန်ဆောင်မှုများအား ပိုမိုအားကောင်း၍ ဝန်ဆောင်မှုပေးနိုင်ခဲ့ခြင်းကြောင့် လွန်ခဲ့သော ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက အခြားလုပ်ငန်းဆောင်ရွက်မှုမှ ရရှိသော ဝင်ငွေသည် ၃% အထိ တိုးတက်ခဲ့ပါသည်။

**လုပ်ငန်းပိုင်းဆောင်ရွက်မှုအသုံးစရိတ်များ** – ဘဏ်၏ လုပ်ငန်းများလည်ပတ်ဆောင်ရွက်ရာတွင် အဓိကအားဖြင့် ငွေကြေးဖောင်းပွခြင်း သက်ရောက်မှုကြောင့် လုပ်ငန်းဆောင်ရွက်မှု အသုံးစရိတ်သည် ၂၃% အထိ တိုးမြင့်ခဲ့ပါသည်။ ယင်းကုန်ကျစရိတ်များတွင် ပုံမှန်အသုံးစရိတ်များ၊ ငှားရမ်းခကုန်ကျငွေများ၊ ခရီးသွား လာစရိတ်များနှင့် လုပ်ခလစာနှုန်းထား ပိုမိုမြင့်မားခြင်း စသည်တို့ပါဝင်ပါသည်။

**လုပ်ငန်းအရွယ်အစား -** ယခင်ကာလနှင့် နှိုင်းယှဉ်ပါက ဘဏ်လုပ်ငန်းအရွယ်အစားသည် လက်ကျန်ရှင်းတမ်း (Balance Sheet) အရ ၂၉% အထိ တိုးတက်ခဲ့ပါသည်။ သိသာထင်ရှားသော ပြောင်းလဲမှုများကြောင့် Treasury Investment များတွင် ၂၈% ကျဆင်းခဲ့သော်လည်း လက်ဝယ်ရှိငွေသားနှင့်ဘဏ်များရှိငွေ (Cash in Hand & at Bank) မှာ ၃၀% နှင့် ချေးငွေများနှင့်ကြိုတင်ထုတ်ချေးငွေများ (Loans & Advances) မှာ ၅၁% အသီးသီးမြင့်တက်လာခဲ့ပါသည်။ စုစုပေါင်းအပ်နှံငွေများသည် ၃၂% အထိ တိုးတက်ရရှိခဲ့ပြီး အခြား Assets များလည်း ၁၃% တိုးလာခဲ့ပါသည်။

**စည်းမျဉ်းသတ်မှတ်ချက်များအား လိုက်နာမှု**

မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ဘဏ်တစ်ခု၏ တာဝန်ဝတ္တရားများဖြစ်သော ပြည်သူတို့၏ ငွေကြေးများကို လက်ခံ၍ ဆုံးရှုံးမှုမရှိစေပဲ ထိရောက်စွာလည်ပတ်စေရန် ယုံကြည်စွာ တာဝန်အပ်နှင်းခံရသည်ကို ကောင်းစွာ သိရှိနားလည်ထားပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော ချေးငွေနှင့်ကြိုတင်ငွေများ (Loans & Advances) ကို ထုတ်ပေးခြင်းအားဖြင့် ယင်းငွေကြေးများတိုးပွားစေရေးအတွက် မိမိတို့မှ ချင့်မျှော်တွေးဆ၍ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

MCB ဘဏ်အနေဖြင့် မိမိတို့ Customer များ၏ ယုံကြည်မှုကို တည်ဆောက်နိုင်ခြင်းနှင့် ထိန်းသိမ်းထားနိုင်ခြင်းသည် ရေရှည်တည်မြဲသော လုပ်ငန်းဖြစ်ရေးတွင် အဓိကအချက်ဖြစ်ပါသည်။ ထိုကဲ့သို့ ယုံကြည်မှုရရှိစေရန် အဓိကကျသော အချက်တစ်ခုမှာ မြန်မာနိုင်ငံ၏ တည်ဆဲစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့် ဥပဒေများအတိုင်း တသွေမတိမ်း လိုက်နာဆောင်ရွက်ခြင်းဖြစ်သည်ဟု မိမိတို့အနေဖြင့် ယုံကြည်ထားပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM) မှ ပြဋ္ဌာန်းထားသော စည်းကမ်းသတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များ အားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်နေပါကြောင်း မိမိတို့ဘဏ်မှဂုဏ်ယူစွာ တင်ပြလိုပါသည်။

MCB သည် CBM ၏ အနည်းဆုံး သတ်မှတ်စံနှုန်းများအပေါ် မိမိတို့ဘဏ်မှ လုံလောက်သော နှုန်းထားများဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အကျိုးအမြတ်ဖြစ်ထွန်းသော၊ ငွေဖြစ်လွယ်သော၊ မတည်ရင်းနှီးငွေ ခိုင်မာသော၊ အနာဂတ်တွင် တိုးတက်မှုဖြစ်ထွန်းသော ဘဏ်တစ်ဘဏ်အဖြစ် ပေါ်လွင်ထင်ရှားလာပြီး နောင်အနာဂတ်တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

| **Statutory Ratio** | **လိုအပ်ချက်** | **၃၀.၉.၂၀၂၄ ရက်နေ့ရှိ MCB Ratio** |
|---|---|---|
| Reserve Ratio | အနိမ့်ဆုံး ၃% (MMK)<br>အနိမ့်ဆုံး ၅% (FCY) | ၃.၂၃% (MMK)<br>၅% (FCY) |
| Liquidity Ratio | ၂၀% အထက် | ၃၀.၂၆% |
| Capital Adequacy – Tier I | အနိမ့်ဆုံး ၄% | ၈.၁၅% |
| Capital Adequacy – Total | အနိမ့်ဆုံး ၈% | ၉.၇၂% |

**အနာဂတ်မျှော်မှန်းချက်**

မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းကဏ္ဍသည် ငွေကြေးဖောင်းပွမှုမြင့်လာခြင်း၊ ပြည်တွင်းငွေကြေးတန်ဖိုးကျလာခြင်း နှင့် Financial Action Task Force (FATA) မှ မြန်မာနိုင်ငံအား High Risk အဖြစ်သတ်မှတ်ခြင်းတို့အပါအဝင် အရေးကြီးသော စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရပါသည်။ ငွေကြေးဖောင်းပွနှုန်းမြင့်တက်လာသောကြောင့် ချေးငွေလိုအပ်ချက် (Credit Demand) မြင့်မားလာနေပြီး အပ်နှံငွေ (Deposit) များကျဆင်းလာနေပါသောကြောင့် Loan နှင့် Deposit တို့တွင် Supply နှင့် Demand အကြားရှိ ကွာဟမှုမှာ ပိုမိုကျယ်ပြန့်လာနေပါသည်။

အဆိုပါကွာဟမှုကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် CBM က Loan နှင့် Deposit များအပေါ် အတိုးနှုန်းများနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်များအား ထပ်မံထုတ်ပြန်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရနှင့် CBM တို့အနေဖြင့် လက်ရှိအခြေအနေကို ကျော်လွှားနိုင်ရန်အတွက် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းဖြင့် ယင်းစိန်ခေါ်မှုများကို လျော့ပါးသက်သာအောင် ဆောင်ရွက်နေကြောင်း မိမိတို့အနေဖြင့် အပြည့်အဝယုံကြည်ပါသည်။

လက်ရှိအချိန်တွင် မြန်မာ့ဘဏ်လုပ်ငန်းကဏ္ဍသည် မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံစာစံသတ်မှတ်ချက်များ (MFRS) အား လိုက်နာဆောင်ရွက်လျက်ရှိပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံစာစံသတ်မှတ်ချက်များကိုပါ လိုက်နာဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ငွေကြေးဖောင်းပွနှုန်းမြင့်မားခြင်းသည် ဘဏ်လုပ်ငန်းစနစ်တွင် အပ်နှံငွေနည်းပါးလာမှုနှင့်အတူ ပေးရသည့် အတိုးနှုန်းမှာလည်းမြင့်မားခဲ့ပါသည်။ ဤအခြေအနေသည် ကာလတိုတွင် ဆက်လက်ဖြစ်ပေါ်နေပြီး ကာလလတ်တွင် တိုးတက်မှုရရှိလာမည်ဟု မျှော်မှန်းထားပါသည်။

အဆိုပါစိန်ခေါ်မှုများရှိနေသော်လည်း MCB ဘဏ်သည် အခက်အခဲအတားအဆီးများကို ရင်ဆိုင်ကျော်လွှားပြီး စွမ်းဆောင်ရည်ကောင်းမွန်စွာဖြင့် ရလာဒ်ကောင်းများ ရရှိနေပါသည်။ စီးပွားရေးလုပ်ငန်း တိုးတက်လာခြင်း၊ အရည်အသွေးမြင့်မားသော ဝန်ဆောင်မှုများပေးအပ်ခြင်း၊ မိမိတို့၏ Customer များကို ကူညီဆောင်ရွက်ရန် ၎င်းတို့၏ လိုအပ်ချက်နှင့်ကိုက်ညီသည့် ဆန်းသစ်သောဘဏ္ဍာရေးဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် အလေးထားဆောင်ရွက်နေပါသည်။ အချုပ်အားဖြင့်ဆိုရသော် MCB ဘဏ် သည် အနာဂတ်တွင် အခွင့်အလမ်းကောင်းများစွာနှင့် ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများကို မြင်တွေ့နေရပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်

MCB

Myanmar Citizens Bank

# Management Discussion and Analysis

# on Financial Conditions and Results of operation

# for the period of 30-September-2024

**MANAGEMENT DISCUSSION AND ANALYSIS (MD & A)**

This Management's Discussion and Analysis (MD&A) provides an overview of the financial performance and condition of Myanmar Citizens Bank Public Co., Ltd. (MCB Bank) for the six-month period ending September 30, 2024. The information herein should be read in conjunction with the Interim Condensed Financial Statements for FY 2024–25, which include comparative figures from the corresponding period in the prior year. All figures presented in this MD&A are denominated in Myanmar Kyat (MMK). The audited financial statements were prepared in accordance with Myanmar Financial Reporting Standards (MFRS).

**CORPORATE INFORMATION**

Myanmar Citizens Bank Public Co., Ltd. (MCB) was incorporated as a public company limited by shares in accordance with Notification No. 21/91 of the Ministry of Commerce (formerly Ministry of Trade), dated September 30, 1991, and under the Special Company Act of 1950. It was duly registered under the Myanmar Companies Act of 1914 on October 30, 1991, with the company registration number 149169466. MCB is a licensed commercial bank and became publicly listed on the Yangon Stock Exchange (YSX) on August 26, 2016. The bank'sa paid-up capital of 52 billion Kyats. The bank's registered office is located at No. 383, Mahar Bandoola Road, Kyauktada Township, Yangon Region, Myanmar.

**Myanmar Citizens Bank Public Co.,Ltd**

**Summarized Statement of Comprehensive Income**

**MMK In Millions**

| Details | For the period ended | | Increase/(Decrease) | |
|---|---|---|---|---|
| | 30-09-2024 (Review Audited) | 30-09-2023 (Review Audited) | Amount | % |
| Interest Income | 38,559.27 | 24,183.41 | 14,375.86 | 59% |
| Interest Expense | (27,570.06) | (18,181.14) | (9,388.92) | 52% |
| **Net Interest Income** | **10,989.21** | **6,002.27** | **4,986.94** | 83% |
| Other Operating Income | 4,462.78 | 4,331.86 | 130.92 | 3% |
| **Total Operating Income** | **15,451.99** | **10,334.13** | **5,117.86** | 50% |
| **Total Operating Expense** | **(13,489.29)** | **(11,009.91)** | **(2,479.38)** | 23% |
| **Profit before Income Tax** | **1,962.70** | **(675.78)** | **2,638.48** | 390% |
| **Profit after Income Tax** | **1,504.28** | **(681.24)** | **2,185.52** | 321% |

**Myanmar Citizens Bank Public Co.,Ltd**

**Summarized Statement of Financial Position**

**MMK in Millions**

| Assets | Balance Sheet as at | | Increase/(Decrease) | |
|---|---|---|---|---|
| | 30-09-2024 (Review Audited) | 30-09-2023 (Review Audited) | Amount | % |
| Cash in Hand & at Bank | 204,455.57 | 157,718.26 | 46,737.30 | 30% |
| Loans & Advances | 641,922.02 | 425,655.41 | 216,266.61 | 51% |
| Investment | 103,580.66 | 144,458.87 | (40,878.21) | -28% |
| Property & Equipment | 19,834.03 | 17,961.24 | 1,872.79 | 10% |
| Intangible Assets | 3,296.22 | 3,736.33 | (440.10) | -12% |
| Other Assets | 54,160.32 | 48,126.20 | 6,034.12 | 13% |
| **Total Assets** | **1,027,248.82** | **797,656.31** | **229,592.51** | 29% |
| **Liabilities** | | | | |
| Deposit from Customer | 852,829.65 | 644,511.50 | 208,318.15 | 32% |
| Other Liabilities | 59,316.48 | 53,226.08 | 6,090.40 | 11% |
| Borrowings | 40,333.86 | 28,093.00 | 12,240.86 | 44% |
| **Total Liabilities** | **952,479.99** | **725,830.58** | **226,649.41** | 31% |
| **Equity** | | | | |
| Share Capital | 57,124.66 | 57,124.66 | - | 0% |
| Reserves | 15,472.27 | 14,906.81 | 565.46 | 4% |
| Retained earnings | 2,171.90 | (205.74) | 2,377.64 | 1156% |
| **Total Equity** | **74,768.83** | **71,825.73** | **2,943.10** | 4% |
| **Total Liabilities & Equity** | **1,027,248.82** | **797,656.31** | **229,592.51** | 29% |

## BUSINESS PERFORMANCE AND GROWTH

During the financial year, Myanmar Citizens Bank (MCB) has embarked on a transformation journey aimed at becoming the bank of choice for customers in Myanmar. In line with the strategic plan, five key growth drivers have been identified: People Development, Digital Transformation, Branch Expansion, Product Innovation, and Financial Profitability.

Over the past six months, significant progress has been made in these areas. The Learning and Development (L&D) department has conducted both internal and external training sessions to enhance employee skills. Additionally, new branches have been opened, and the launch of the Visa Credit Card represents a significant product innovation.

In FY24-25, MCB is focused on investing in human capital, infrastructure, and process workflows, all while ensuring compliance with regulatory requirements and conducting proper risk assessments. The bank continues to foster a performance-driven culture, guided by the motto of “Service Excellence.” MCB is committed to strengthening its branding and diversifying its revenue streams, which are crucial for achieving business targets and realizing its strategic goals.

Building on strong momentum, Myanmar Citizens Bank (MCB) achieved a 51% growth in Loans & Advances and a 32% increase in Deposits. The bank also focused on maintaining asset quality, improving the Non-Performing Loan (NPL) ratio, and expanding its alliance with business partners, offering other related banking services such as bancassurance.

Through effective management and monitoring of assets and liabilities, MCB ensured an adequate return, while optimizing idle funds to improve the earning asset ratio. Additionally, controlling the cost-to-income ratio contributed to a profit after tax of 1,504 million Kyats during the six-month review period.

**Net Interest Margin:** Interest income increased by 59%, driven by the growth in the loan portfolio and the recovery of non-performing loans. Interest expense rose by 52%, primarily due to the higher volume of deposits, an increase in high interest-bearing deposits (such as Term Deposits), and the offering of competitive interest rates. Despite the increase in interest expense, the growth in interest income outpaced the rise in expenses, resulting in a significant 83% increase in net interest income compared to the previous year.

**Fees and Commission and Other Income:** Other Operating income is slightly increased by 3% in comparison to the last financial year due to increase in foreign currency transaction gain.

**Operating Expenses:** Operating expenses increased by 23%, primarily due to the impact of inflation on the bank’s day-to-day operations. This includes rising costs for utilities, rental expenses, travel, and higher wages.

**Business Size -** The overall size of the bank's balance sheet increased by 29% compared to the previous period. Notable changes include a 30% increase in cash in hand and at the bank, a 51% rise in loans and advances, and a 28% decrease in treasury investments. Other assets grew by 13%, while total deposits saw a 32% increase.

**Regulatory Compliance**

As a bank entrusted with the fiduciary duty of accepting and managing public funds, we fully recognize our responsibility to ensure these funds are deployed safely and prudently. We are committed to using these resources wisely by extending loans and advances that are crucial for the country's development.

Building and maintaining the trust of our customers is essential for our long-term sustainability. A key element of earning this trust is our commitment to being fully compliant with the regulations and laws of Myanmar. We are proud to confirm that we adhere to all regulations and directives set forth by the Central Bank of Myanmar (CBM).

The bank was able to maintain sufficient buffers over the minimum standards stipulated by CBM, which demonstrates a bank which is profitable, liquid, solvent and sufficiently capitalized and have a leeway to grow in the future.

| **Statutory Ratio** | **Required** | **MCB ratio as at 30th September 2024** |
|---|---|---|
| Reserve Ratio | Minimum 3% (MMK)<br>Minimum 5% (FCY) | 3.23% (MMK)<br>5 % (FCY) |
| Liquidity Ratio | Above 20% | 30.26% |
| Capital Adequacy- Tier I | Minimum 4% | 8.15% |
| Capital Adequacy- Total | Minimum 8% | 9.72% |

**Future Outlook**

The banking sector in Myanmar faces several key challenges, including rising inflation, the devaluation of the domestic currency, and the classification of the country as high risk by the Financial Action Task Force (FATF). Due to the increasing inflation rate, credit demand has risen while deposits have become scarcer, further widening the gap between the supply and demand for credit and deposits.

To address this gap, the Central Bank of Myanmar (CBM) has issued additional directives concerning interest rates on loan and deposits. We believe that the government and the CBM are making concerted efforts to mitigate these challenges through policy adjustments and directives to overcome the current situation. Currently, Myanmar's banking sector adheres to MFRS, and any future upgrades to the IFRS adoption in FY 2027-2028.

The high inflation rate has led to an increase in overhead cost and a scarcity of deposits within the banking system that effect offering high interest rate This situation is expected to persist in the short term but is anticipated to improve in the mid-term.

Despite these challenges, MCB is well-positioned to overcome the obstacles and achieve superior performance. We remain focused on growing our business, delivering high-quality services, and offering innovative financial products to help our customers navigate the current environment. In summary, MCB sees significant opportunities and strong potential for growth in the future.